# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 23, 2020 Volume 29, Number 14


**၂၃.၃.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၅ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၅၂၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၁၂/- ကျပ် |
| CBM Rate | = ၁၄၂၁.၂ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၁.၃ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၅.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၅၂.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၂၀.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၉.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၇၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၃၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၉.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၀၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID-19 ရောဂါဖြစ်ပွားနေသည့် ဥရောပနိုင်ငံများသို့ မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့မှု ခေတ္တရပ်ဆိုင်းမှုရှိနိုင်သော်လည်း ဥရောပဈေးကွက်သို့ မြန်မာ့ပဲတီစိမ်းတင်ပို့မှု ကြီးကြီးမားမား ထိခိုက်မှုမရှိသေးဟုဆို



COVID-19 ရောဂါ ဖြစ်ပွားနေသည့် ဥရောပနိုင်ငံများသို့ မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့မှု ခေတ္တရပ်ဆိုင်းမှုများရှိနိုင်သော်လည်း ဥရောပဈေးကွက်သို့ မြန်မာ့ပဲတီစိမ်း တင်ပို့မှု အပေါ် ကြီးကြီးမားမားထိခိုက်မှုမရှိသေးကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှသိရသည်။ " ဥရောပဘက်တော့ နည်းနည်းပါးပါးပါ၊ ကိုရိုနာ ဗိုင်းရပ်စ်ဖြစ်နေတဲ့နေရာတွေက တင်ပို့မှုလေးတွေ ခေတ္တရပ်သွားတဲ့ နိုင်ငံတွေလည်း ရှိကောင်းရှိပါတယ်။ တချို့တင်ပို့လို့ရတဲ့ နိုင်ငံတွေကိုလည်း တင်ပို့နေပါတယ်။ အရမ်းကြီးကြီးမားမားတော့ မထိခိုက်သေးဘူး" ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ အတွင်းရေးမှူး ဦးမင်းကိုဦးက The Daily Eleven သတင်းစာသို့ ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ပဲမျိုးစုံများအနက် မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲစင်းငုံစသည့် ပဲအမျိုးအစားသုံးခုကို ပြည်ပသို့အများဆုံးတင်ပို့နေခြင်း ဖြစ်ကြောင်းသိရသည်။ ယင်းအနက် မတ်ပဲနှင့်ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကိုတရုတ်နှင့် ဥရောပနိုင်ငံတချို့သို့ အဓိကတင်ပို့နေခြင်း ဖြစ်ကြောင်းသိရသည်။ အိန္ဒိယဈေးကွက်ကိုသာ အဓိကတင်ပို့နေရသည့် မြန်မာ့ပဲမျိုးစုံ အတွက် လက်ရှိတွင် ဥရောပ၊ ဂျပန်၊ တရုတ်စသည့်နိုင်ငံများသို့ ဈေးကွက်တိုးချဲ့ ရှာဖွေထားနိုင်သဖြင့် လာမည့်နှစ်နှစ်အတွင်း ပဲတင်ပို့မှုအခက်အခဲမရှိနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

"လောလောဆယ်ပဲ အခြေအနေကတော့ ပဲစိုက်တောင်သူတွေအတွက်ရော ကုန်သည်တွေအတွက်ရော အခြေအနေ ကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ နောက်တစ်ခုကတော့ ၂၀၁၇ ခုနှစ် အကျပ်အတည်း ဖြစ်ပြီးနောက်ပိုင်းမှာ ကျွန်တော်တို့ ပဲဈေးကွက်တွေကို တိုးချဲ့ပြီးတော့ရှာဖွေပါတယ်။ အဲမှာ ဥရောပဈေးကွက်တို့၊ ဂျပန်ဈေးကွက်တို့၊ အခုနောက်ပိုင်းရတဲ့ ဈေးကွက်တစ်ခုကတော့ တရုတ်ရဲ့ဈေးကွက်ပေါ့နော်။ တရုတ်ဈေးကွက်မှာဆိုရင် မြေတောက်ပဲဈေးကွက်က တော်တော်လေးကို ကြီးလာပါတယ်။ အဲဒီအတွက် ပဲဈေးနှုန်းကတော့ လာမယ့်တစ်နှစ်၊ နှစ်နှစ်အတွင်းမှာတော့ အကျပ်အတည်းတော့ မဖြစ်နိုင် သေးဘူးလို့ မျှော်မှန်းပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးကဆိုသည်။ ပြီးခဲ့သည့်၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်နှင့် အိန္ဒိယဈေးကွက်ကောင်းမွန်သဖြင့် ပြည်တွင်း၌ ပဲတီစိမ်းအညံ့စားပင်လျှင် ကျပ် ၁၁ သိန်းကျော်ရှိပြီး ပြည်ပပို့ကုန် အရည်အသွေးပြည့်မီပါက ကျပ် ၁၄ သိန်းခန့်အထိရှိခဲ့ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

" တရုတ်ဘက်က ဈေးကောင်းရင် များသောအားဖြင့် ပဲတီစိမ်းဈေးကွက်က ဈေးကောင်းတာများတယ်။ ဒါပေမဲ့လည်း အိန္ဒိယ ကလည်း သူ့ဟာသူ ဈေးကွက်တစ်ခုရှိတဲ့အခါကျတော့ တရုတ်နဲ့ အိန္ဒိယက ဈေးကောင်းတယ်ဆိုရင် ကျန်တဲ့နိုင်ငံတွေကလည်း ဈေးအထိုက်အလျောက် ပေးဝယ်တာပေါ့နော်။ ပဲတီစိမ်းဆို ဒီနှစ်ဆိုရင် တကယ်တမ်းညံ့တဲ့အစားတောင် ၁၁ သိန်းကျော် လောက်ပုံမှန်ရှိတယ် ပြည်တွင်းမှာ။ တကယ်ကောင်းတဲ့အစားဆို ၁၃ သိန်းကျော် ၁၄ သိန်းလောက်ရှိတယ်။ ပဲတီစိမ်း ဈေးကွက်ကတော့ ပိုခိုင်မာပါတယ်" ဟု အတွင်းရေးမှူး ဦးမင်းကိုဦးကပြောကြားသည်။ လက်ရှိတွင် ပဲတီစိမ်း FOB ဈေးနှုန်း များမှာ ပဲတီစိမ်း (ခရမ်းရွှေဝါ) တစ်တန်လျှင် ဒေါ်လာ ၈၅၀ မှ ၉၅၀ ကြား၊ ပဲတီစိမ်း (ပခုက္ကူ) တစ်တန်လျှင် ဒေါ်လာ ၉၄၀ မှ ၁၀၅၀ ကြား ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

**Source:** https://news-eleven.com/article/165371

## လက်ရှိတွင် ပြည်တွင်းဆန်ချောဈေး ပြောင်းလဲမှုမရှိသော်လည်း ဒေါ်လာဈေးနှုန်းပြန်လည်မြင့်တက်လာမှု၊ ဝယ်လိုအားမြင့်တက်မှုတို့ကြောင့် ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၂၀၀၀ ခန့် ပြန်လည်မြင့်တက်လာဟုဆို



လက်ရှိတွင် ပြည်တွင်း ဆန်ချောဈေး ပြောင်းလဲမှု မရှိသော်လည်း ဒေါ်လာဈေးနှုန်း ပြန်လည်မြင့်တက် လာမှု၊ ဝယ်လိုအားမြင့်တက်မှုတို့ကြောင့် ဆန်ကြမ်း တစ်အိတ်လျှင် ကျပ် ၂၀၀၀ ခန့် ပြန်လည်မြင့်တက် လာကြောင်း ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်မှသိရ သည်။ " ဈေးကွက်က ဝယ်လိုအားနည်းနည်းရှိတော့ တစ်အိတ်ကို တစ်ထောင်၊ နှစ်ထောင်လောက်တော့ ဆန်ကြမ်းဈေးနှုန်းတက်ပြီး ရောင်းနေတယ်ပေါ့။ ဆန်ချောဈေးနှုန်းက သိပ်မထူးဘူး။ အချောတွေက အရင်ထဲက အတိုင်းပဲ။ ဆန်ကြမ်းကတော့ ပြည်ပ တင်ပို့တဲ့ဆန်ရော ပြည်တွင်းစားသုံးတဲ့ဆန်ရော အဝယ် ပြန်လိုက်တော့ ဈေးနှုန်းတစ်ထောင်၊ နှစ်ထောင်လောက် တက်သွားတယ်" ဟု ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးကပြောကြားသည်။ ပြီးခဲ့သည့် မတ်လဒုတိယအပတ်အတွင်းက ဒေါ်လာဈေး အတက်အကျဂယက်ကြောင့် ပြည်ပသို့ ဆန်တင်ပို့သူများ အဝယ်ရပ်ထားသဖြင့် ပြည်တွင်းဆန်ဈေး တစ်အိတ် လျှင် ၁၅၀၀ ကျပ်ခန့် ကျဆင်းခဲ့ကြောင်း ဘုရင့်နောင် ဆန်ကုန်စည်ဒိုင်မှ သိရသည်။

အဆိုပါ ပြည်တွင်း ဆန်နှင့် ဆန်ကွဲဈေး ကျဆင်းခဲ့သည့် မတ်လ ၁၂ ရက်တွင် ပြည်တွင်း ဆန်ဈေးနှုန်းများမှာ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ၁၉၀၀၀ ကျပ်ဝန်းကျင်၊ ငါးမှတ် ဆန်တစ်အိတ်လျှင် ၂၂၀၀၀ ကျပ်ဝန်းကျင်၊ ဆန်ကွဲ ဈေးနှုန်းမှာ ၁၄၈၀၀ ကျပ်မှ ၁၆၈၀၀ ကျပ်ကြားရှိသည်။ လက်ရှိ ဆန်ကြမ်းဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့သည့်အချိန်တွင် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ၂၀၀၀၀ မှ ၂၀၅၀၀ ကျပ် ဝန်းကျင်၊ ငါးမှတ်ဆန်တစ်အိတ်လျှင် ၂၃၅၀၀ ကျပ်ဝန်းကျင်၊ ဆန်ကွဲဈေးနှုန်းမှာ ၁၆၀၀၀ ကျပ်မှ

၁၈၀၀၀ ကျပ်အကြားရှိကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှသိရသည်။ လက်ရှိတွင် ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်သို့ မိုးစပါးမှထွက်ရှိသည့် ဆန်ဟောင်းအနည်းငယ်သာဝင်ရောက်မှုရှိပြီး ကျိုက်လက်မြို့မှ နွေဆန်အသစ်များစတင်ဝင်ရောက်လာပြီဖြစ်ကြောင်းသိရသည်။ "အခုကတော့ နွေဆန်ကတော့ ကျိုက်လက်ကတော့ စပြီးဝင်တယ်။ ကျန်တာကတော့ မိုးစပါးကတော့ နည်းနည်းပါးပါးပေါ့။ လက်ကျန်တွေပဲဆက်လာတယ်။ ဝင်လာတာပါးသေးတယ်။ လက်ကျန်လည်းနည်းတယ်။ အသစ်ပေါ်တာလည်း အများကြီးမလာသေးဘူး" ဟု ဦးသန်းဦးကပြောကြားသည်။

ပြည်တွင်း၌ ဆန်ချောစားသုံးမှုများပြီး တချို့ဆန်ကြမ်းအမျိုးအစားများကိုလည်း စားသုံးမှုရှိကြောင်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ဆန်ကြမ်းကိုသာ အဓိကတင်ပို့နေခြင်းဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ်ငါးလအတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၃ သန်း နီးပါးတင်ပို့မှု ဝင်ငွေဒေါ်လာသန်း ၃၇၀ ကျော်ရရှိကာ တရုတ်နိုင်ငံသို့ ဆန်အများဆုံးတင်ပို့ထားပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲအများဆုံး တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁ ဒသမ ၂၉၈ သန်းအထိ တင်ပို့ထားပြီး ဝင်ငွေအမေရိကန် ဒေါ်လာ ၃၇၃ ဒသမ ၃၅၄ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။ အဆိုပါကာလအတွင်း နယ်စပ်ကုန်သွယ်မှုမှ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၇၈,၀၀၀ ခန့်တင်ပို့မှုမှ ဝင်ငွေအမေရိကန် ဒေါ်လာ ၄၇ သန်းနီးပါးရရှိထားသည်။ စုစုပေါင်းတင်ပို့မှု၏ ၁၃ ရာခိုင်နှုန်းကျော်ရှိသည်။ ပင်လယ်ရေကြောင်းတင်ပို့မှုမှ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၁၂၀ သန်းတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၃၂၀ကျော်ရရှိထားသည်။ စုစုပေါင်းတင်ပို့မှု၏ ၈၆ ရာခိုင်နှုန်းကျော်ရှိသည်။

**Source:** https://news-eleven.com/article/165372

## မုံရွာဆိပ်ကမ်းမှ ချင်းတွင်းမြစ်အထက်ပိုင်းဒေသများသို့ ကုန်စည်ပို့ဆောင်မှု လျော့နည်းလျက်ရှိ



မုံရွာမြို့ဆိပ်ကမ်းမှ ချင်းတွင်းမြစ်အထက်ပိုင်းဒေသများသို့ ၂၀၂၀ ပြည့်နှစ်အစပိုင်းမှစတင်၍ ကုန်စည်ပို့ဆောင်မှု သိသိသာသာလျော့နည်းလျက်ရှိကြောင်း စစ်ကိုင်းတိုင်း ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးမှသိရသည်။ "၂၀၁၉ နှစ်ကုန်တုန်းကတော့ ကုန်စည်တင်ပို့မှုက များပါတယ်၊ ၂၀၂၀ ပြည့်နှစ်အစပိုင်းလတွေမှာ ကုန်တင်ပို့မှုက သိသိသာသာ ကျသွားတယ်။ ပွင့်လင်းရာသီဖြစ်တဲ့အတွက် ကားလမ်းတွေကောင်းလာလို့ ရေကြောင်းကနေ ပို့တာနည်းသွားပြီး ကုန်းလမ်းနဲ့သွားတာများတယ်။ ကုန်းလမ်းနဲ့ပို့တာက ကုန်စီးဆင်းမှုလည်းမြန်တယ်၊ အိမ်အရောက်ပို့နိုင်တဲ့အတွက် ကုန်သည်တွေက ကားကိုပိုပြီး သုံးလာကြတယ်။ ရေကြောင်းက ဆိပ်ကမ်းကနေ မော်တော်ပေါ်တင်၊ မော်တော်ကနေ ကုန်းပေါ်တင်ဆိုတော့ ပွင့်လင်းရာသီမှာ ရေကြောင်းက ပို့တာနည်းလာတယ်"ဟု စစ်ကိုင်းတိုင်း ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး တိုင်းဒေသကြီးဦးစီးမှူး ဦးတင်မောင်အုန်းကပြောသည်။

မုံရွာဆိပ်ကမ်းမှ ချင်းတွင်းမြစ်အထက်ပိုင်းဒေသများသို့ ၂၀၁၉ နှစ်ကုန်ပိုင်းလများက ကုန်စည်များသဖြင့် တစ်ရက်လျှင် နေ့စဉ် ကုန်တင်ရေယာဉ်ရှစ်စင်းခန့်ပြေးဆွဲလျက်ရှိရာမှ ၂၀၂၀ ပြည့်နှစ် အစပိုင်းလများတွင် တစ်ရက်လျှင် ကုန်တင်ရေယာဉ် သုံးစင်းခန့်သာပြေးဆွဲရတော့ကြောင်းသိရသည်။ ကုန်စည်စီးဆင်းမှုလျော့နည်းသွားသဖြင့် မုံရွာဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားများ ဝင်ငွေရရှိမှုနည်းလာရာ ယခင်လများက တစ်ရက်လျှင် ကျပ် ၁၀,၀၀၀ ခန့်ရနေရာမှ ယခု တစ်ရက်လျှင် ကျပ် ၅,၀၀၀ ဝန်းကျင်သာရတော့ကြောင်းသိရသည်။ စစ်ကိုင်းတိုင်းတွင် ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးများကို မုံရွာမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ကလေးဝမြို့၊ ကလေးမြို့၊ တမူးမြို့၊ ရွှေဘိုမြို့၊ အင်းတော်မြို့၊ ကောလင်းမြို့၊ ကသာမြို့၊ ထီးချိုင့်မြို့တို့တွင် ဖွင့်လှစ်ထားရှိပြီး အဆိုပါဆိပ်ကမ်း၌ ကုန်တင်ကုန်ချ အလုပ်သမား ၉၇၁ ဦးဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/137236.html

## မြန်မာအပါအဝင် ပြည်ပမှ မတ်ပဲတန်လေးသိန်း တင်သွင်းမည်ဟု အိန္ဒိယအစိုးရကြေညာ

မြန်မာနိုင်ငံအပါအဝင် ပြည်ပမှ မတ်ပဲတန်ချိန်လေးသိန်းကို လာမည့် မေလက စတင်ဝယ်ယူတင်သွင်းမည်ဟု မတ်လ ၁၉ ရက်တွင် အိန္ဒိယအစိုးရက ထုတ်ပြန်ကြေညာသည်။ သမ္မတဦးဝင်းမြင့် ဖေဖော်ဝါရီလကုန် အိန္ဒိယနိုင်ငံချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်တွင် မြန်မာနိုင်ငံမှ မတ်ပဲ၊ ပဲစင်းငုံနှင့်ပဲတီစိမ်း တန်ချိန်လေးသိန်း တိုးမြှင့်ဝယ်ယူပေးရန် အိန္ဒိယဝန်ကြီး ချုပ် မိုဒီကို မေတ္တာရပ်ခံခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ၂၀၁၉ မိုးရာသီစိုက် မတ်ပဲအထွက်နှုန်း လျော့နည်းခြင်းကြောင့် မူလက ပြည်ပမှ ခွဲတမ်းတန်ချိန် တစ်သိန်း ခွဲ၊ ထို့နောက် တန်ချိန်နှစ်သိန်းခွဲ ထပ်မံတင်သွင်းရန် အိန္ဒိယအစိုးရ က စီစဉ်ခဲ့သည်။

မတ်ပဲကို မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံတွင် အဓိကစိုက်ပျိုးခြင်းကြောင့် အိန္ဒိယအစိုးရ၏ မတ်ပဲ တင်သွင်းခွင့် ကြေညာချက်က ဆောင်းရာသီ ပဲစိုက်ပျိုးသည့် တောင်သူများအတွက် အခွင့်အလမ်းကောင်းဖြစ်ကြောင်း ပြည် တွင်းပဲကုန်သည်အချို့က ပြောသည်။ မတ်ပဲတန်ချိန် နှစ်သိန်းခွဲထပ်မံတင်သွင်းမည့် အိန္ဒိယနိုင်ငံမှ ကြေညာချက် ထွက်ပေါ်စဉ်ကလည်း ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးရုတ်တရက်မြင့်တက်ခဲ့သည်။ ယခုတန်ချိန် လေးသိန်းတင်သွင်းမည့် ကြေညာချက်က ပြည်တွင်းဈေးကွက်တွင် ဈေးအပြောင်းအလဲနည်းကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးတစ်တန်လျှင် ကျပ်နှစ်သောင်းခန့်ဈေးမြင့်တက်သည်။ မတ်ပဲတစ်တန်လျှင် ကျပ်ကိုးသိန်းသုံးသောင်းမှ ကိုးသိန်းငါးသောင်း ဈေးမြင့်တက်ခြင်းဖြစ်သည်။ "အချိန်ကာလကြောင့်ပါ။ အခုတင်သွင်းမယ့်အချိန်ကန့် သတ်ချက်က တစ်နှစ်လုံးနီးပါး ပေးထားတယ်လေ"ဟု ဦးမင်းကို ဦးကပြောသည်။

အိန္ဒိယအစိုးရက ပဲတင်သွင်းခွင့်ကို ယခင်က အချိန်သုံးလမှ လေးလခန့်အတွင်း ခွင့်ပြုပေးသော် လည်း ယခုတစ်ကြိမ်တွင် ၂၀၂၀ မေလမှ ၂၀၂၁ မတ်လကုန်အထိ တင်သွင်းခွင့်ပြုထားသည်။ ထိုကဲ့ သို့ အချိန်တိုးပေးခြင်း ကြောင့် အိန္ဒိယကုန်သည်များက အချိန် စောင့်ဆိုင်းပြီး ဝယ်နိုင်သဖြင့် ဈေးနှုန်းတည်ငြိမ်နိုင်ကြောင်း ဘုရင့်နောင်မှ ပဲကုန်သည်အချို့ကပြောသည်။ အိန္ဒိယ၏ မတ်ပဲတင်သွင်းမည့် အစီအစဉ်က ဧရာဝတီ၊ ပဲခူးတိုင်းတို့ရှိ မတ်ပဲစိုက်တောင်သူများအတွက် မျှော်လင့်ချက်ကောင်းတစ်ခု ဖြစ်သည်ဟု လယ်သမားဘဝဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကဆိုသည်။

လက်ရှိ နယ်ဈေးကွက်များ တွင် မတ်ပဲတစ်တင်းလျှင် ကျပ်နှစ် သောင်းကိုးထောင်ခန့် ဈေးရှိကြောင်း ၎င်းကပြောသည်။ အိန္ဒိယမှလိုအပ်ချက်ကြောင့် မတ်ပဲတန်ချိန် လေးသိန်းတင်သွင်းရန်စီစဉ်သော်လည်း ပဲစင်းငုံတင်သွင်းမည့်အစီအစဉ်ကို မသိရသေးပေ။ ထို့ကြောင့် ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံ တစ်တန်လျှင် ကျပ်ခုနစ်သောင်းခန့် ဈေးဖွင့်သည်။

**Source:** https://7day.news/detail?id=182107

## ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့နိုင်ရန် ယခုလကုန်ပိုင်းတွင် မြဝတီမြို့ ၌ ပြောင်းကုန်စည်ဒိုင်ဖွင့်လှစ်ရန်စီစဉ်နေ




ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ရာတွင် အဆင်ပြေစေရန် ကြားခံကုန်စည်ဒိုင်အဖြစ် မြဝတီမြို့၌ ပြောင်းကုန်စည်ဒိုင်တစ်ခု ကို ယခုလကုန်တွင် ဖွင့်လှစ်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောသည်။ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့နိုင်ရန် ၂၀၁၉ ခုနှစ်က စတင်စီစဉ်နေသော်လည်း တင်ပို့ရေးပိုင်းတွင် ကြားခံကုန်စည်ဒိုင် မရှိသည့်အတွက် အခက်အခဲဖြစ်ပေါ်နေခြင်းကို ဖြေရှင်းရန် မြဝတီတွင် တရားဝင်ပြောင်းကုန်စည်ဒိုင်ဖွင့်လှစ်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုင်းနိုင်ငံက မြန်မာနိုင်ငံကထွက်ရှိသည့် ပြောင်းများကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ အခွန်သုညရာခိုင်နှုန်း(အခွန်လွတ်) ဖြင့် ဝယ်ယူခြင်းဖြစ်ကာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များအရ ဖေဖော်ဝါရီလက ထိုင်းနိုင်ငံသို့ပြောင်းတန်ချိန် သုံးသိန်းဝန်းကျင် တင်ပို့ထားကြောင်းသိရသည်။ မတ်လဆန်းပိုင်းရောက်ရှိချိန် နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကျဆင်းခဲ့သောကြောင့် ပြောင်းဈေးနှုန်းများလည်း ကျဆင်းခဲ့ကာ

နောက်ဆက်တွဲအနေဖြင့် အရောင်းအဝယ်များလည်း အေးသွားကြောင်း၊ ပုံမှန်အားဖြင့် တစ်နေ့လျှင် တန်ချိန်တစ်သောင်းခန့် တင်ပို့နေရာမှ ယခုရက်ပိုင်းတွင် တန်ချိန် ၃၀၀၀ ခန့်သာ တင်ပို့နေရသော်လည်း အရောင်းအဝယ်မှာပုံမှန်ရှိနေပြီး ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် တစ်သန်းကျော်ရောင်းချရန် မျှော်မှန်းထားကြောင်းသိရသည်။ "တင်ပို့ရေးပိုင်းတွေက လက်ရှိမှာတော့ အားလုံးအဆင်ပြေနေတယ်။ တင်ပို့ရတဲ့ကာလက တစ်နှစ်မှာ ခုနစ်လပဲရတာဖြစ်လို့ ဈေးနှုန်းနဲ့ လိုအပ်ချက်ကို ချင့်ချိန်တင်ပို့ဖို့လိုတယ်။ ကြားကာလဖြစ်တဲ့ စက်တင်ဘာ ၁ ရက်ကနေ ဇန်နဝါရီ ၃၁ ရက်က သူတို့နိုင်ငံက ပြောင်းထွက်ရာသီဖြစ်တာကြောင့် အဲဒီအချိန်မှာတင်ပို့ရင် တောင်သူအနေနဲ့ အခွန် ၇၃ ရာခိုင်နှုန်းဆောင်ပြီးမှ တင်ပို့ရတာဖြစ်လို့ ဖေဖော်ဝါရီလကနေ ဩဂုတ်လအတွင်း တင်ပို့နိုင်ရင် တောင်သူတွေ တွက်ခြေပိုကိုက်တယ်"ဟု ဦးမင်းခိုင်ကပြောသည်။

ပြည်တွင်းကထွက်ရှိသည့် ပြောင်းများကို ပြည်ပသို့ ချိတ်ဆက်တင်ပို့နေသကဲ့သို့ ပြည်တွင်း အစာသန့် စက်ရုံလုပ်ငန်းများကလည်းပြောင်းစိုက်တောင်သူများထံမှ တစ်ပတ်လျှင် တန် ၁၀၀၀ ခန့် ဝယ်ယူပေးရန် ဆွေးနွေးနေကြောင်းသိရသည်။ "ရေလုပ်ငန်းဘက်မှာအစာက ပြဿနာမရှိပေမယ့် မွေးမြူရေးပိုင်းမှာ တော့ပြောင်းနဲ့ ဆန်ကွဲကပြဿနာရှိနေတယ်။ အဓိကကတော့ပြောင်းပေါ့။ တရုတ်ဘက်မှာ ပြောင်းဝယ်လက်က မရှိသလောက်ကိုဖြစ်နေပြီ။ မနှစ်က ပြောင်းလှောင်ထားတဲ့ သူတွေမှာလည်း အခက်အခဲ တော်တော်လေးရှိလာတယ်။ ဒီရာသီမှာဆိုရင် ဧရာဝတီတိုင်းဘက်ကလည်း ပြောင်းကထွက်နေပြီ။ ရှမ်းတောင်နဲ့ မြောက်ကထွက်တဲ့ ပြောင်းတွေကလည်းမကုန်သေးဘူး။ ဒါကြောင့် ပြည်တွင်းမှာပြောင်းတွေပုံနေတဲ့ အခြေအနေတွေ ဖြစ်နေတယ်"ဟု မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း ဥက္ကဋ္ဌဒေါက်တာသက်မှူးက ပြောသည်။ COVID – 19 မဖြစ်ပေါ်မီကာလ ကတည်းက တရုတ်နိုင်ငံ၊ကြယ်ဂေါင်ဘက်တွင် ပြောင်းများပုံနေပြီး ယခုပြောင်းထွက်ရှိချိန် ကာလ ရောက်ရှိချိန်တွင် ယခင်ပြောင်းအဟောင်းနှင့် ပြောင်းအသစ်များ စုပြုံနေသည့်အတွက် ပျက်စီးမည်ကို စိုးရိမ်နေရကြောင်းသိရသည်။ "ပြောင်းဆိုတာကတော့ သိုလှောင်တာ ခြောက်လကျော်သွားပြီဆိုရင် ပိုးထိုးတော့မှာဖြစ်လို့ ပျက်စီးမှုတွေမဖြစ်ခင် ကြိုတင်ကာကွယ်ထားဖို့ လိုပါတယ်။ ဒါကြောင့် ပြောင်းစိုက်ပျိုးသူတွေ အသင်းအဖွဲ့တွေ၊ သက်ဆိုင်တဲ့ဌာနတွေနဲ့ တွေ့ဆုံပြီးတော့ မြဝတီကနေတစ်ဆင့် ထိုင်းဘက်ကို ပြောင်းတင်ပို့ဖို့ သဘောတူ လက်မှတ်ရေးထိုးပြီး တင်ပို့တာတွေ စလုပ်နေတယ်"ဟု ဒေါက်တာသက်မှူးက ပြောသည်။

ယခင်နှစ်တွင် ပြောင်း တစ်ပိဿာ ကျပ် ၅၅၀ ဈေးနှုန်းရှိခဲ့ရာမှ ယခုနှစ်ပိုင်းတွင် ကျပ် ၃၈၀ အထိကျဆင်းလာခဲ့ပြီး သယ်ယူပို့ဆောင်ရေးစရိတ်များလည်း ကြီးမြင့်နေသောကြောင့် တောင်သူများအတွက် တွက်ခြေ မကိုက်သည့်အခြေအနေကိုဖြေရှင်းရန် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ရန်စီစဉ်နေခြင်းဖြစ်သည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/9005815

## ပခုက္ကူဈေးကွက်သို့ ပြည်တွင်း သရက်သီးအများအပြားဝင်ရောက်

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ပြည်တွင်းသရက်သီးများ အများအပြားဝင်ရောက်လာခြင်းကြောင့် သရက်သီးနှင့်သရက်ချဉ်ဈေးနှုန်းကျဆင်းသွားကြောင်း အချဉ်မျိုးစုံရောင်းဝယ်ရေးလုပ်ကိုင်နေသည့် ဒေါ်ကေသီထံမှသိရသည်။ ပြည်တွင်း သရက်သီးများလှိုင်လှိုင်ပေါ်လာခြင်းကြောင့် ထိုင်းနိုင်ငံထွက် (ယိုးဒယား)သရက်သီးများဝယ်ယူမှုမရှိတော့ဘဲ ပြည်တွင်းထွက် သရက်သီးများ အသုံးများလာကြောင်း သရက်ချဉ်လုပ်ငန်း လုပ်ကိုင်သူများထံမှသိရသည်။ ပခုက္ကူဈေးကွက်သို့ ရန်ကုန်ဒေသထွက် သရက်သီးများ ဝင်ရောက်လာရာတွင် ပိဿာ ၅၀ ပါ အိတ်တစ်အိတ်လျှင် ကျပ် ၂၃၀၀၀ ပေးရပြီး အခြားမြို့များမှဝင်ရောက်လာသည့် သရက်သီးတစ်တင်းလျှင် ကျပ် ၇၀၀၀ ပေးချေဝယ်ယူရပြီး ပေါက်စိပ်ပြန်ရောင်းချိန် တစ်ပိဿာ ကျပ် ၃၀၀ သာဈေးရှိတော့ကြောင်း သရက်ချဉ်ပွဲစား ဒေါ်ကေသီကပြောသည်။

သရက်ချဉ်ပေါက်စိပ် တစ်နှစ်ပတ်လုံးလှောင်ခြင်းအား ကျောက်ပန်းတောင်းမြို့တွင် အများအပြားလှောင်ကြသည်။ သရက်ချဉ်ပွဲစားများက သရက်သီးလာသမျှဝယ်ယူပြီး သရက်သီးပေါက်စိပ်သမများငှားကာ သရက်ချဉ်ပေါက်အား ဘိစက်များဖြင့်ဖိကာ ပိုများ၊ စဉ့်အိုးများဖြင့်လှောင်ကြကြောင်း၊ သရက်သီးရှားပါးချိန်တွင် စတင်ထုတ်ရောင်းကြကြောင်း သရက်ချဉ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်နေသည့် ဦးမျိုးမင်းကိုကရှင်းပြသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် သရက်သီး

တစ်ပိဿာ ပေါက်စိပ် ပေါက်ခ တစ်ပိဿာ ကျပ် ၆၀ ရှိပြီး တင်းလိုက်ချိန်တွယ်ကာ တစ်တင်း ၂၅ ပိဿာရှိကြောင်း၊ ပခုက္ကူဒေသတွင် သရက်သီးတစ်လုံးချင်းဈေးတွက်ပေးရပြီး သရက်သီးရှားပါးချိန် သရက်သီး တစ်လုံးပေါက်ခ ရှစ်ကျပ်ရှိပြီး ယခုအခါ တစ်လုံးပေါက်စိပ်ခ ငါးကျပ်သာရှိတော့ကြောင်း သရက်ချဉ် လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။ ဒေသမျိုးသရက်သီးများ စတင်ဝင်ရောက်လာခြင်းကြောင့် သရက် သီးဈေးနှုန်းများ ကျဆင်းလာကာ သရက်ချဉ်လှောင်သူများ စတင်ဝယ်ယူနေကြပြီဖြစ်ကြောင်း ဒေါ်ကေသီက ရှင်းပြသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ပြည်တွင်းစက်သုံးဆီဈေးနှုန်း ဆက်တိုက်ကျဆင်း

ပြည်တွင်းစက်သုံးဆီဈေးနှုန်းများသည် ဇန်နဝါရီလမှ စတင်ကျဆင်းခဲ့ရာ မတ်လ နောက်ဆုံးပတ်အတွင်း တစ်လီတာလျှင် ကျပ် ၃၉၀ ထိ ကျဆင်းခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များထံမှ စုံစမ်းသိရှိရသည်။ယနေ့ မတ် ၂၃ ရက်တွင် စက်သုံးဆီ အောက်တိန်း 92 တစ်လီတာလျှင် ကျပ် ၃၉၀၊ အောက်တိန်း 95 တစ်လီတာလျှင် ကျပ် ၅၃၀၊ ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၅၃၀ ၊ ဒီဇယ် တစ်လီတာ လျှင် ကျပ် ၅၁၀ထိ ကျဆင်းလာကြောင်း Petrol ဆီအရောင်းဆိုင်မှသိရသည်။ " ဒီ ၂၁ရက်က အောက်တိန်း92 တစ်လီတာ ၄၇၀၊ ဒီနေ့ ၃၉၀ထိကျလာတယ်၊ ၂ ရက်အတွင်း ကျပ် ၈၀ ကျသွားတယ်"ဟု ဆီဆိုင်မန်နေဂျာ တစ်ဦးကဆိုသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အဓိကအသုံးပြုနေရသည့် ပြည်တွင်းစက်သုံးဆီဈေးမှာ ဇန်နဝါရီလဆန်းတွင် တစ်လီတာ လျှင် ၈၁၅ ကျပ်ဝန်းကျင်ရှိပြီး ဖေဖော်ဝါရီလဆန်းတွင် ကျပ် ၈၀၀ ဝန်းကျင်ထိ ဈေးကျလာရာမှ မတ်လအတွင်း ၃၉၀အထိ ကျဆင်းခဲ့ကြောင်းသိရသည်။ Covid-19ရောဂါအခြေအနေကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအချို့ ရပ်တန့်ထားပြီး ဝယ်လိုအားကျဆင်းသည့်အတွက် စက်သုံးဆီဈေးနှုန်းများကျဆင်းလာပြီးလက်ရှိစက်သုံးဆီဈေးနှုန်းမှာ ဧပြီလအထိ ဆက်တိုက်ကျဆင်းနိုင်ကြောင်း ယာဉ်မောင်းများက သုံးသပ်ကြကြောင်းသိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## မတ်ပဲဈေးကောင်းရရန် မကွေးတောင်သူနှင့်ကုန်သည်များမျှော်လင့်

အိန္ဒိယနိုင်ငံက မတ်ပဲဝယ်ယူမယ်လို့ ကြားသိရတာကြောင့် ပြီးခဲ့တဲ့နှစ်တွေထက် မတ်ပဲဈေး ဈေးကောင်းရနိုင်တယ်လို့ မကွေးကုန်စည်ဒိုင်က ကုန်သည်တချို့ကပြောပါတယ်။ အိန္ဒိယက ဒီနှစ်မတ်လကုန်ကနေ (၂၀၂၁)ခုနှစ် မတ်လကုန်အထိ မြန်မာနိုင်ငံကထွက်ရှိတဲ့ မတ်ပဲတန်ချိန် (၄)သိန်း ဝယ်ယူသွားမယ်လို့ ထုတ်ပြန်ထားပါတယ်။ အိန္ဒိယနိုင်ငံက တစ်နှစ်ပတ်လုံး ဝယ်ယူမှာဖြစ်တာကြောင့် လက်ရှိမကွေးကုန်စည်ဒိုင်မှာ မတ်ပဲအရောင်းအဝယ်အေးနေတယ်လို့ဆိုပါတယ်။ “ဝယ်ချိန်က တစ်နှစ်လုံးဆိုတော့ မနေ့ကဆို ရန်ကုန်ဈေးနည်းနည်း ပြန်အေးသွားတယ်။ ရေရှည်အလားလာတော့ကောင်းပါတယ်။ စိုက်တဲ့ တောင်သူတွေလည်း ဈေးကောင်းရလောက်ပါတယ်”လို့ မကွေးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးကျော်ထွန်းကပြောပါတယ်။

တောင်သူတွေအနေနဲ့ အချိန်ကာလတစ်ခုစောင့်ပြီး ရောင်းချနိုင်ရင်တော့ အကျိုးအမြတ်ရှိလာနိုင်တယ်လို့ ဦးကျော်ထွန်းက အကြံပြုပါတယ်။ လက်ရှိမကွေးမြို့မှာ မတ်ပဲတစ်တင်းကို ကျပ် (၂၉၀၀၀)ကျော်နဲ့ အရောင်းအဝယ်လုပ်နေပေမယ့် ဈေးနှုန်းအရောင်းအဝယ်တွေ အေးနေတယ်လို့ဆိုပါတယ်။ မကွေးတိုင်းဒေသကြီးမှာ မတ်ပဲကို ရောဝတီ မြစ်အနောက်ဖက်က မင်းဘူး၊ ပွင့်ဖြူ၊ စကု၊ ရှောက်တော စတဲ့ဒေသတွေမှာ အများဆုံးစိုက်ပျိုးကြတာပါ။ လက်ရှိမှာတော့ မတ်ပဲဈေးတည်ငြိမ်မှု မရှိတာကြောင့် စိုက်ပျိုးသူနည်းလာတယ်လို့ တောင်သူတွေကပြောပါတယ်။ “တောင်သူတွေက ရှုံးမှန်းသိရင်မလုပ်ဘူး။ ပြည်ပ တင်ပို့မှုရှိရင်တော့ များလာနိုင်တယ်။ တောင်သူတွေကလည်း ပြည်ပတင်ပို့မှုကိုမျှော်နေတာ။ ပြည်ပတင်ပို့မှုရှိရင် ဈေးက လွတ်လွတ်ကြီးမကျဘူး (ဈေးအရမ်းမကျဘူး)ဆိုတဲ့သဘောနဲ့ ပြည်ပတင်ပို့မှုတွေကိုမျှော်ကြတာ” လို့ မတ်ပဲစိုက်တောင်သူ ဦးဇင်ငွေကပြောပါတယ်။ မတ်ပဲကို ပဲခူးတိုင်း၊ ရောဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတွေမှာ အဓိကစိုက်ပျိုးကြပြီး စစ်ကိုင်း၊ မန္တလေးနဲ့ မကွေးတိုင်းဒေသကြီးတွေမှာတော့ အနည်းငယ်သာစိုက်ပျိုးကြတာပါ။ မကွေးတိုင်းဒေသကြီးကနေ အခုနှစ် အတွင်း မတ်ပဲ တန်ချိန် (၂၀၀၀)ဝန်းကျင် တင်ပို့နိုင်ဖို့အတွက် ကုန်သည်တွေကမျှော်မှန်းထားပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## မကွေးတိုင်းတွင် ပုဂ္ဂလိကစီးပွားဖြစ် ဝါး ၁၄၅ သိန်း ထုတ်လုပ်ခွင့်ပြုမည်

မကွေးတိုင်းအတွင်း အခုနှစ်မှာ စီးပွားဖြစ် ဝါးအလုံးရေ ၁၄၅ သိန်း ထုတ်လုပ်ခွင့်ပေးသွားမယ်လို့ သစ်တောဦးစီးဌာနက ပြောပါတယ်။ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးစိုးတင့်က အခုနှစ်မှာ ဝါးအလုံးရေ ၁၄၅ သိန်း ထုတ်လုပ်ခွင့်ပေးသွားမှာဖြစ်ပြီး သယ်ယူခွင့်အနေနဲ့ ဝါးအကြီးအသေးပေါ်မူတည်ပြီး ၁ လုံးကို ၅ ကျပ်ကနေ ၁၀၀ ထိ ကောက်ခံတယ်လို့ ပြောပါတယ်။ မကွေးတိုင်းအတွင်း သရက်ခရိုင်မှာ ဝါးအများဆုံး ထုတ်လုပ်တာဖြစ်ပြီး ဝါးပြုန်းတီးမှုမရှိအောင် အလုံးရေ ၁ သိန်း ထုတ်လုပ်သူကို ၁ ဧက ပြန်လည်စိုက်ပျိုးခိုင်းသလို သစ်တောကြိုးဝိုင်းအတွင်းက ဝါးတွေကိုတော့ သုံးနှစ်တကြိမ် ထုတ်လုပ်ခွင့်ပေးထားပြီး ပုဂ္ဂလိက ဝါးစိုက်ခင်းတွေလည်း ချထားပေးပါတယ်လို့ဆိုပါတယ်။

ပြီးခဲ့တဲ့နှစ်က ပုဂ္ဂလိက ဝါးလုပ်ငန်းရှင် ၁၆၇ ဦးကို ထုတ်လုပ်ခွင့်ပေးထားပြီး အခုနှစ်မှာတော့ လျှောက်ထားသူတွေကို စိစစ်ပြီး လုပ်ကိုင်ခွင့်ပေးသွားမယ်လို့ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးတင့်ကပြောပါတယ်။ မင်းလှမြို့နယ်က ဝါးလုပ်ငန်းရှင် ကိုဘုန်းမြင့်ဇော်က "ပုဂ္ဂလိက ဝါးထုတ်လုပ်ခွင့်တွေ ချပေးတဲ့အတွက် ကျေးလက်နေပြည်သူတွေရဲ့ စားဝတ်နေရေးကို အထောက်အကူ ဖြစ်စေပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ဝါးတလုံးကို လုပ်အားခ ၁၆၀ ကျပ်နှုန်းနဲ့ ငှားရမ်းလုပ်ကိုင်ရပြီး ၃၅၀ ကျပ်လောက် ပြန်လည်ရောင်းချရတဲ့အတွက် ကားခတော့ကျန်ပါတယ်" လို့ ပြောပါတယ်။

မကွေးတိုင်းအတွင်း ပြီးခဲ့တဲ့နှစ်က ဝါးစိုက်ပျိုးဧက ၂၅၀ ကျော် အစားထိုးစိုက်ပျိုးနိုင်ခဲ့ပြီး ပြည်သူလူထုကို အခမဲ့ဖြန့်ဝေနိုင်ဖို့ ပျိုးပင်ပေါင်း ၃၅၀၀၀ လောက် ပျိုးထောင်ထားတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနှံ့မှာရှိတဲ့ မြို့ပြ/ကျေးလက်နေပြည်သူတွေနဲ့ ဆင်းရဲနွမ်းပါးသူတွေဟာ အိမ်ဆောက်ပစ္စည်းနဲ့ အသုံးဆောင်တွေအတွက် ဝါးကိုအဓိက အားထားမှီခိုနေရတာပါ။

**Source:** https://news.ydnp.net/336837/

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန် JICA ကူညီမည်

ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်ကူညီမည်ဟု ဂျပန်အ ပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) က ထုတ်ပြန်သည်။ ဟင်းနုနယ်၊ ဖရုံသီး၊ ခရမ်း ချဥ်သီး၊ မုန်လာဥနှင့် ပန်းဂေါ်ဖီစိမ်း ဟင်းသီးဟင်းရွက်သီးနှံများ ကို အရည်အသွေးမီ တန်ဖိုးမြှင့်သီးနှံများအဖြစ် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် JICA တို့ မတ်လ ၁၉ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါစီမံကိန်းသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းကလောမြို့တို့တွင် ၂၀၂၀ ဇူလိုင်၌ စတင်အသက်ဝင်မည်ဖြစ်ပြီး ၂၀၂၄ အထိလေးနှစ်အတွင်း လုပ်ငန်းများအကောင်အထည်ဖော်ရန် သတ်မှတ်ထားသည်။ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ တန်ဖိုးမြှင့်ကွင်းဆက်ထုတ်လုပ်မှုမှတစ်ဆင့် တောင်သူ၏ နေ့စဉ်ဝင်ငွေတိုးလာရန် ရည်ရွယ်ကြောင်း JICA ၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။ မတ်လ ၁၅ ရက်ကလည်း ထိုင်းနိုင်ငံ ARO Commericial Company Limited နှင့်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဈေး ကွက်ဖွံ့ဖြိုးတိုးတက်ရန် လက်မှတ်ရေးထိုးခဲ့သည်။

**Source:** https://7day.news/detail?id=182163

## ထိုင်းနိုင်ငံသို့ ငရုတ်တင်ပို့မှုယာယီ ရပ်ဆိုင်းထားသည့်အတွက် ငရုတ်စိုက်တောင်သူများအခက်ကြုံ

ငရုတ်ဈေးနှုန်းများ ကျဆင်းနေသည့်အတွက် ထိုင်းနိုင်ငံသို့ ငရုတ်တင်ပို့မှုကို မတ် ၂၀ ရက်က ယာယီရပ်ဆိုင်းထားပြီး ယခုနှစ်တွင် ဈေးနှုန်းနှင့်ဈေးကွက်ရရှိမှုနည်းပါးသည့်အတွက် ငရုတ်စိုက်တောင်သူများ အခက်ကြုံနေရကြောင်း မြန်မာနိုင်ငံ ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်၏ ပြောဆိုချက်အရသိရသည်။ ပြီးခဲ့သည့် လများက ထိုင်းနိုင်ငံသို့ မရွေးချယ်ရသေးသည့် ငရုတ်များကို စတင်တင်ပို့ခဲ့ပြီးနောက် ဈေးနှုန်းကျဆင်းသည့်အတွက် တွက်ခြေကိုက်မှုမရှိသဖြင့် တင်ပို့မှုရပ်ဆိုင်းထားရခြင်းဖြစ်သည်။ ''တင်ပို့မှုအခြေအနေကလည်း မကောင်းသလို ငရုတ်ဈေးနှုန်းကလည်း မကောင်းဘူး။ ဈေးမ ကောင်းတော့ ကုန်သည်တွေလည်း နားထားတယ်။ အခုတော့ ထိုင်းနိုင်ငံကို တင်ပို့မှုရပ်နား ထားတယ်။

ဈေးက ဟိုဘက်ရော ဒီဘက်ပါ အတူတူဖြစ်နေတယ်'' ဟု ဒေါ်ဥမ္မာကျော် ကပြောသည်။

ထိုင်းနိုင်ငံသို့ ပြီးခဲ့သည့်လအတွင်းမှ စတင်ကာ မရွေးချယ်ရသေးသည့် ငရုတ်များတင်ပို့ခဲ့ပြီး နောက် ယခုလအတွင်း ပိုမိုတင်ပို့နိုင်မည်ဟု မျှော်မှန်းထားသော်လည်း ဈေးရရှိမှုနည်းပါးနေသေးသည့်အတွက် တင်ပို့မှုရပ်ဆိုင်းထားရခြင်း ဖြစ်သည်။ မတ် ၂၁ ရက်တွင် ပြည်တွင်း၌ မရွေးချယ်ရသေးသည့် ငရုတ်တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ နှင့် ရွေးချယ်ပြီးသား ငရုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင် အထိဈေးနှုန်းရှိနေပြီး ထိုင်းနိုင်ငံ၌လည်း အလားတူဈေးနှုန်းသာရှိသဖြင့် တင်ပို့ပါက တွက်ခြေမကိုက်နိုင်ကြောင်းသိရသည်။

လတ်တလောတွင် ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့်ငရုတ်ကို တရုတ်နိုင်ငံသို့ အနည်းငယ်တင်ပို့လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ချောင်းကြီးကျေးရွာအနီးတစ်ဝိုက်၌ တစ်ဆက်တည်း ဧကများ ရှိနေရာ ဝါးခယ်မ၊ ပန်းတနော်၊ ဟင်္သာတနှင့်အိမ်မဲမြို့နယ်တို့၌လည်း စိုက်ပျိုးထားပြီး ငရုတ်စိုက်ဧကသောင်းကျော်အထိ ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/a9biz/

## ပထမအသုတ် တရုတ်နိုင်ငံသို့ တင်ပို့သည့် တန်ချိန်(၃၉)တန်ရှိ မက္ကဆီကိုငှက်ပျောသီး မကြာမီရက်ပိုင်း ရှန်ဟိုင်းသို့ ရောက်ရှိမည်ဖြစ်



မက္ကဆီကိုငှက်ပျောသီးသည် ပြီးခဲ့သောနှစ် မေလက တရုတ်နိုင်ငံသို့တင်ပို့သည့် သဘောတူစာချုပ်ကိုရရှိခဲ့ပြီး ဇန်နဝါရီလတွင် စတင်ထွက်ခွာသော ပထမအသုတ်တင်ပို့သည့် ငှက်ပျောသီးမှာ ယခုအခါ ရှန်ဟိုင်းဆိပ်ကမ်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်းသိရပါသည်။ ဖေဖော်ဝါရီလ၊ ၂၈ ရက်နေ့တွင် မက္ကဆီကို Manzanillo ဆိပ်ကမ်းမှ စတင်ကာ တရုတ်နိုင်ငံသို့တင်ပို့၍မည့် (၃၉) တန်ရှိသည့် မက္ကဆီကို ငှက်ပျောသီးမှာ ရှန်ဟိုင်းဆိပ်ကမ်းသို့ ရောက်ရှိလာပြီဖြစ်သည်။ ဤသည်မှာ မက္ကဆီကိုငှက်ပျောသီး၏ တရုတ်နိုင်ငံသို့တင်ပို့ခြင်း တရားဝင်စတင်လိုက်ခြင်းကို ဖော်ညွှန်းပြသနေပါသည်။ ယခုတင်ပို့သည့် ငှက်ပျောသီး မှာ Tabasco ပြည်နယ်ခွဲနှင့် Chiapas ပြည်နယ်ခွဲဟူသည့် အဓိကထုတ်လုပ်ဒေသနှစ်ခုမှဖြစ်သည်။

ကိန်းဂဏန်းဖော်ပြချက်များအရ မက္ကဆီကိုငှက်ပျောသီးစိုက်ပျိုးမှုဧရိယာမှာ ဟက်တာ(၈)သောင်းကျော်အထိရှိပြီး တစ်နှစ် ထုတ်လုပ်မှုပမာဏမှာ တန်ချိန်(၂၂)သိန်းအထိရှိကာ တန်ဖိုးအားဖြင့် တရုတ်ယွမ်ငွေ(၂.၅၆၂)ဘီလီယံရှိပါသည်။ ၂၀၁၈ ခုနှစ် မက္ကဆီကိုငှက်ပျော်သီးတင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၂၅၉)ဘီလီယံရှိပြီး တစ်ကမ္ဘာလုံးငှက်ပျောသီးတင်ပို့မှု စုစုပေါင်းပမာဏ၏ ၁.၉% ခန့်နေရာယူထားကာ အဆင့်အားဖြင့် (၁၂)နေရာတွင်ရှိပါသည်။ ယခင်က မက္ကဆီကို၏ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိခဲ့သည့် သစ်သီးအမျိုးအစားပေါင်း(၅)မျိုးရှိပါသည်။ ထိုအနက် ထောပတ် ၊ စပျစ်၊ ဘလက်ဘယ်ရီ၊ ရက်စ်ဘယ်ရီနှင့် ဘလူးဘယ်ရီသီးများပါဝင်ပါသည်။

**Source:** https://www.facebook.com/shweliayarnews/

## ကြက်သွန်နီဈေး ထပ်မံကျဆင်း ဘင်္ဂလားဒေ့ရှ်ကလည်း အဝယ်ရပ်နေ

မန္တလေးကြက်သွန်နီဈေးကွက်မှာ ကြက်သွန်နီ ဈေးနှုန်း တစ်ပိဿာကျပ် ၁၀၀၀ အောက်အထိ ထပ်မံကျဆင်းနေတဲ့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း အဝယ်ရပ်တန့်နေတယ်လို့ မန္တလေးမြို့ကြက်သွန်နီပွဲရုံတွေက သိရပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ လကုန်ပိုင်းက မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီတစ်ပိဿာကို ကျပ် ၁၂၀၀ ဝန်းကျင်ရှိနေခဲ့တာပါ။ အခုလအတွင်းမှာ ကျဆင်းသွားတာဖြစ်ပြီး တစ်ပိဿာကျပ် ၇၀၀ ဝန်းကျင်အထိ ကျဆင်းနေတယ်လို့ ကြက်သွန်နီပွဲရုံပိုင်ရှင် ဦးဝင်းမြင့်က ပြောပါတယ်။ သူက “ ဒီရက်ပိုင်းမှာ ဈေးကကျလာတာ၊ နောက်မှာလဲ ကြက်သွန်နီပေါ်ချိန်ဖြစ်လို့ နယ်အစုံပေါ်လာတော့မှာ ဖြစ်လို့ ဈေးကထပ် ကျဦးမယ်၊ ဘင်္ဂလားဒေ့ရှ်ကတော့ အဝယ်ရပ်တာ နှစ်ပတ်လောက်ရှိသွားပြီ၊ တရုတ်ကတော့ ပြည်တွင်းမှာ

သူတို့အော်ဒါရှိသ လောက်ပဲဝယ်နေတယ်၊ဒါပေမဲ့ အများကြီးပို့ကြတာမဟုတ်ဘူး၊ တစ်စီးတလေပဲ သွင်းသွားကြတာပါ” လို့ ပြောပါတယ်။ အခုမတ်လကုန်ခန့်မှာ နယ်ဒေသအစုံ ကြက်သွန်ပေါ်များစွာထွက်ရှိတော့မှာဖြစ်တာကြောင့် ကြက်သွန်နီ ဈေးနှုန်းက တဖြည်းဖြည်းကျဆင်းလာနိုင်တယ်လို့ပြောပါတယ်။ လက်ရှိမန္တလေး ကြက်သွန်ဈေးကွက်သို့ မြစ်သားကြက်သွန်နီ တစ်မျိုးတည်းသာ အဓိကဝင်ရောက်နေတာဖြစ်ပြီး တစ်ရက်ကို ပိဿာချိန်တစ်သိန်းဝန်းကျင်ခန့် ဝင်ရောက်နေတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့၂၀၁၉ ခုနှစ် စက်တင်ဘာလကစတင်ပြီး တရုတ်နိုင်ငံနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က မြန်မာနိုင်ငံမှကြက်သွန်နီကို ဝယ်ယူမှုကြောင့် ၂၀၁၉ ခုနှစ်အတွင်း ပြည်တွင်းကြက်သွန်နီဈေးနှုန်း (ပွဲရုံဈေး) တစ်ပိဿာ ကျပ် ၃၀၀၀ အထိ စံချိန်တင် အမြင့်ဆုံးဈေးကို ရောက်ရှိခဲ့ပါတယ်။ ယခင်နှစ်တွေက မြန်မာနိုင်ငံရဲ့ ကြက်သွန်နီဈေးတစ်ပိဿာကို ကျပ်၁၀၀၀ အောက်ရောက် တိုင်း တရုတ်နိုင်ငံက မြန်မာကြက်သွန်နီကိုဝယ်ယူလေ့ရှိပေမဲ့ သည်နှစ်မှာတော့ COVID-19 ဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဝယ်ယူ မှုနည်းပါးနေကာ အနည်းငယ်သာ တင်ပို့နေရတယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-37587?fbclid=IwAR3QUkEjhVsmdm_B-S5VQm4xo7zrQXv15 hjbs 2YkQa3jAbKdq0H_y4deyu8

## အမေရိကန်တွင် စီးပွားရေးဆုတ်ယုတ်ကျဆင်းမှု ဖြစ်ပေါ်နေပြီဟု Bank of America ပြောကြား

အမေရိကန်အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်သည့် စီးပွားရေးဆုတ်ယုတ်ကျဆင်းမှု (Recession) ကို ရှောင်လွှဲ၍ မရနိုင်တော့ဘဲ ယခုအချိန်တွင် စီးပွားရေးဆုတ်ယုတ်ကျဆင်းမှုထဲ ကျရောက်နေပြီဖြစ်ကြောင်း အမေရိကန် ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီကြီးတစ်ခုဖြစ်သော အမေရိကန်ဘဏ် Bank of America က ရင်းနှီးမြှုပ်နှံသူများကို မတ်လ ၁၉ ရက်တွင် သတိပေးသွားခဲ့သည်။ “ကမ္ဘာပေါ်က တခြားဒေသတွေလိုပဲ... အမေရိကန် စီးပွားရေးဟာလည်း ရီဆက်ရှင်တစ်ခုထဲ ကျရောက်သွားခဲ့ပြီဆိုတာကို တရားဝင်ကြေညာပါတယ်၊ ဒါက နက်ရှိုင်းတဲ့ ကျဆင်းမှု ပါ။" ဟု အမေရိကန်ဘဏ်၏ အမေရိကန် စီးပွားရေးပညာရှင် Michelle Meyer က မှတ်ချက်ပြုရေးသားခဲ့သည်" ဒီတော့ အလုပ်အကိုင်တွေလည်း ဆုံးရှုံးမယ်၊ ကြွယ်ဝချမ်းသာမှုတွေလည်း ဖျက်ဆီးခံရမယ်၊ ပြီးတော့ ယုံကြည်မှုတွေလည်း ကျဆင်းမှာ ဖြစ်ပါတယ်”

နိုင်ငံစီးပွားရေးသည် ဒုတိယ သုံးလပတ်ကာလတွင် ၁၂ ရာခိုင်နှုန်းကျုံ့ကာ "ပြို" သွားမည်ဖြစ်ကာ တစ်နှစ်ပတ်လုံးတွင် ၀.၈ ရာခိုင်နှုန်းကျုံလိမ့်မည်ဟု အဆိုပါဘဏ်က မျှော်လင့်ထားသည်။ အမေရိကန်ဘဏ်သည် "စီးပွားရေးထိခိုက်တုန်လှုပ်မှု အတိုင်းအတာ"ကို သိရှိနားလည်နိုင်စေမည့် နည်းလမ်းတစ်ခုအဖြစ် အလုပ်သမားဈေးကွက်ကို ကြည့်ရှုခဲ့သည်။ နိုင်ငံတွင် အလုပ်လက်မဲ့ဖြစ်မှုနှုန်းသည်လည်း နှစ်ဆနီးပါးတက်နိုင်ပြီး ဒုတိယသုံးလပတ်အတွင်း တစ်လလျှင် ဆုံးရှုံးသွားမည့် အလုပ် အကိုင်အရေအတွက် အကြမ်းဖျင်းတစ်သန်းမျှဖြင့် စုစုပေါင်းအလုပ်အကိုင်အရေအတွက် ၃ ဒသမ ၅ သန်းအထိ ဆုံးရှုံးနိုင် သည်ဟု အဆိုပါလုပ်ငန်းကုမ္ပဏီက မျှော်မှန်းထားသည်။ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ကမ္ဘာ့ဈေးကွက်များကိုလည်း ထိန်းမနိုင် သိမ်းမရအခြေအနေဖြစ်စေကာ ခရီးသွားလုပ်ငန်းများဆိုလျှင် ရပ်တန့်လုနီးပါးနှင့် လုပ်ငန်းကိုင်ငန်းအားလုံး တံခါးပိတ်ထားရတော့မည့် အနေအထားဖြစ်သည်။ S&P 500 နှင့် Dow Jones Industrial Average တို့သည်လည်း ထုတ်ရောင်းသူများ၍ ထိုးကျနေသော ဈေးကွက် (bear market) နယ်နမိတ်တွင် ရောင်းဝယ်နေရပြီး ယခုအခါ ပြီးခဲ့သည့်လက ၎င်းတို့ရောက်ရှိထားခဲ့သည့် အမြင့်ဆုံးလယ်ဗယ်အောက် ၃၀ ရာခိုင်နှုန်းဝန်းကျင်တွင် ရပ်တည်နေလျက်ရှိသည်။

အခြေအနေများသည်သာ၍ ဆိုးသွားရန်သာရှိနေကြောင်း Meyer က ပြောသည်။ ဧပြီလတွင်လည်း စီးပွားရေးလုပ်ငန်း အကျဆင်းဆုံးအချိန်ကာလတစ်ခု ဖြတ်သန်းရဦးမည်ဖြစ်ကာ ယင်းနောက်ပိုင်းမှသာ တိုးတက်မှုဆီ အလွန်နှေးကွေးစွာ ပြန်သွား နိုင်ပြီး ဇူလိုင်လမတိုင်မီ စီးပွားရေးသည် အတော်အသင့် ပုံမှန်အနေအထားသို့ ပြန်ရောက်နိုင်မည်ဟု အဆိုပါကုမ္ပဏီက မျှော်မှန်းထားသည်။ “ကျဆင်းမှုက ပြင်းထန်တယ်ဆိုပေမယ့်လည်း ဒါဟာ အတော်အသင့် ကာလတိုတစ်ခုပဲဖြစ်မယ်လို့ ကျွန်တော်တို့ယုံကြည်ထားပါတယ်” ဟု Meyer က ဖြည့်စွက်ပြောကြားသွားခဲ့သည်။

**Source:** http://www.mizzimaburmese.com/article/68239

## ကွမ်းစျေးနှုန်းများ ကျဆင်း



ပြည်ပ ကွမ်းဝယ်ယူမှုနှုန်းများ ကျဆင်းလာသောကြောင့် ပြည်တွင်းကွမ်းစျေးနှုန်းများ ကျဆင်းသွားကြောင်း ကွမ်းကုန်သည်များထံမှ သိရပါတယ်။ ပြည်တွင်းကွမ်းစျေးကွက်အတွင်း ပြီးခဲ့တဲ့တစ်ပတ်က မတ္တရာမြို့နယ်ထွက် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ စျေးရှိပြီး လက်ရှိတွင် ငွေကျပ် ၅၅၀၀ ဖြင့်သာ ရောင်းချနေရကြောင်း သိရပါတယ်။ အလားတူ မုံရွာကွမ်းစျေးကွက်တွင်လည်း ယခင်တစ်ပတ်က ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ၃၅၀၀ ကြားစျေးရှိပြီး မတ်လ ၁၉ ရက်တွင် ငွေကျပ် ၁၀၀၀ မှ ၂၅၀၀ ကြားရှိပြီး စျေးနှုန်းကျဆင်းခဲ့ပါတယ်။

မန္တလေးကွမ်းစျေးကွက်တွင်လည်း ယခင်တစ်ပတ်က ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ မှ ၄၀၀၀ ကြားစျေးရှိပြီး လက်ရှိတွင် ငွေကျပ် ၁၀၀၀ မှ ၂၇၀၀ ကြားရှိပြီး စျေးနှုန်းကျဆင်းခဲ့ကြောင်းသိရပါတယ်။ လက်ရှိမြန်မာနိုင်ငံတွင် စိုက်ပျိုးနေသော ကွမ်းအမျိုးအစားထဲမှ ညောင်တုန်း၊ ပန်းတနော်ဒေသတို့မှထွက်ရှိတဲ့ ထိုင်ဝမ်ကွမ်းနှင့်ကွမ်းရိုးစိမ်းကိုသာ ပြည်ပစျေးကွက်သို့ အများဆုံးတင်ပို့ကြောင်းသိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2810-betel-prices.html

## STOCK EXCHANGE (23.3.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 23rd Mar. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,000 | 11,000 | 11,000 | 1,400 | 15,400,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | -100 | -2.56% | 3,900 | 3,900 | 3,800 | 3,283 | 12,572,700 | 38,929,150 | 147,931 |
| MCB | 00003 | 8,500 | +300 | +3.66% | 8,500 | 8,500 | 8,500 | 1 | 8,500 | 10,400,986 | 88,408 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 2 | 44,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 7 | 19,600 | 12,823,224 | 35,905 |

## Market summary

As of 23rd Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 456.34 | -10.46 | -2.24% | 456.90 | 456.90 | 454.06 | 4,693 | 28,044,800 | 5 | 624,869 |

### Index chart




# Market Overview

As of 1:00 pm, 23rd Mar. 2020

| MYANPIX | 456.34 ▼ 10.46 |
|---|---|
| Total Volume (shares) | 4,693 |
| Total Value (MMK) | 28 mil |
| Listed Company | 5 |
| Market Cap. (MMK) | 624,869 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,800 | ▼ 100 |
| MCB | 00003 | 8,500 | ▲ 300 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |